
# မြန်မာ-ထိုင်း နယ်စပ်မျဉ်း၏ ၃၇ ရာခိုင်နှုန်းကို KNU ထိန်းချုပ်ထား

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအလွန် KNU/KNLA ၏ စစ်ဆင်ရေးအများစုသည် ပြည်မဘက်ကို တိုးချဲ့ထိန်းချုပ်နိုင်ရေးထက် မြန်မာ-ထိုင်းနယ်စပ်မျဉ်းဘက် ဆန့်ထုတ်ထိန်းချုပ်နိုင်ရေးကို အလေးပေးဦးတည်ခဲ့သည်။ စစ်အာဏာသိမ်းပြီး ငါးနှစ်ကျော်ကာလအတွင်း မြန်မာ-ထိုင်းနယ်စပ် နယ်နိမိတ်အရှည် ၂,၄၁၆ ကီလိုမီတာရှိသည့်အနက် ကီလိုမီတာ ၈၉၀ ကျော် (၃၇ ရာခိုင်နှုန်း) ကို KNU/KNLA က ထိန်းချုပ်ထားသည်။




**ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ။** ISP-Myanmar ၏ တရုတ်ရေးရာလေ့လာမှု (China Studies) နှင့် ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။